ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံစာရင်းကောင်စီ
အမိန့်ကြော်ငြာစာအမှတ် - ၁၄ / ၂၀၁၇
၁၃၇၉ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်
၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်

**သင်တန်းသားများ၊ သင်တန်းဆရာများနှင့် ကိုယ်ပိုင်သင်တန်းကျောင်းများအတွက်**
**စည်းကမ်းချက်များထုတ်ပြန်ခြင်း**

၁။ မြန်မာနိုင်ငံစာရင်းကောင်စီသည် ကောင်စီတွင် မှတ်ပုံတင်ထားသည့် သင်တန်းသားများ၊ သင်တန်းဆရာများနှင့် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများအတွက် စည်းကမ်းချက်များကို ကောင်စီဥပဒေပုဒ်မ ၁၀၂၊ ပုဒ်မခွဲ (ခ) အရ သတ်မှတ်ထုတ်ပြန်လိုက်သည်။

**သင်တန်းသားများဆိုင်ရာစည်းကမ်းချက်များ**

၂။ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်းသားနှင့် ဒီပလိုမာစာရင်းကိုင်သင်တန်းသားများ လိုက်နာရမည့် စည်းကမ်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) စာသင်ချိန်အတွင်း သင်တန်းဆရာနှင့် အခြားသောသင်တန်းသားများအား အနှောက်အယှက်ဖြစ်စေမည့်အပြုအမူများ၊ အသံများဆူညံခြင်းမပြုလုပ်ရ။

(ခ) စာသင်ခန်းအတွင်းသို့ မြန်မာ့ယဉ်ကျေးမှုနှင့် မကိုက်ညီသော အဝတ်အစားများ ဝတ်ဆင်၍ဝင်ရောက်ခြင်းမပြုရ။

(ဂ) သရုပ်ပျက်ဟန်ပန်အမူအရာနှင့် မဖွယ်ရာသည့်ပြောဆိုသုံးနှုန်းမှုများ မပြုလုပ်ရ။

(ဃ) နိုင်ငံရေးကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရ။

(င) လူမှုရေးဆိုင်ရာကျင့်ဝတ်များကို ဖောက်ဖျက်ကျူးလွန်ခြင်း မပြုရ။

(စ) မြန်မာနိုင်ငံစာရင်းကောင်စီ သင်တန်းကျောင်း (သို့မဟုတ်) ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းတစ်ခုခုတွင် တက်ရောက်နေသည့် သင်တန်းသားများသည် ကောင်စီမှ ချမှတ်ထားသည့်စည်းကမ်းချက်များသာမက သက်ဆိုင်ရာ သင်တန်းကျောင်းများမှ ချမှတ်ထားသည့် သင်တန်းစည်းကမ်းချက်များကိုပါ လိုက်နာရမည်။

(ဆ) မြန်မာနိုင်ငံစာရင်းကောင်စီက သင်တန်းသားများနှင့်စပ်လျဉ်း၍ အခါအားလျော်စွာ ထုတ်ပြန်သော ရုံးအမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရမည်။

**သင်တန်းဆရာဆိုင်ရာ စည်းကမ်းချက်များ**

၃။ ကိုယ်ပိုင်စာရင်းကိုင် သင်တန်းကျောင်းများတွင် သင်တန်းဆရာများနှင့် တစ်ဦးချင်း ကိုယ်တိုင် သင်တန်းဆရာဆိုင်ရာ စည်းကမ်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) သင်ကြားခွင့်ပြုထားသည့် ဘာသာရပ်ကိုသာ သင်ကြားရမည်။

(ခ) ဆရာ၏ ဂုဏ်သိက္ခာနှင့်အညီ ဝတ်စားဆင်ယင်ခြင်း၊ ပြောဆိုသင်ကြားခြင်း ပြုရမည်။

(ဂ) သရုပ်ပျက်ဟန်ပန် အမူအရာနှင့် မဖွယ်ရာသည့် ပြောဆိုသုံးနှုန်းမှုများ ကင်းရှင်းရမည်။

(ဃ) သင်တန်းဆရာမှတ်ပုံတင်လက်မှတ်ပါ နှစ်စဉ်ကြေးပေးသွင်းမှု သက်တမ်းကာလအတွင်းသာ သင်ကြားပို့ချရမည်။

(င) တာဝန်ယူသင်ကြားရမည့် ဘာသာရပ်များ၌ သတ်မှတ်သည့်သင်ရိုးမာတိကာအတိုင်း အပြည့်အဝ သင်ကြားရမည်။

(စ) ရယူထားသည့်သင်တန်းကြေးနှင့်ထိုက်တန်အောင် သင်ကြားရမည်။

(ဆ) မိမိတွင်ရှိသောအရည်အချင်း သို့မဟုတ် အတွေ့အကြုံထက် ပိုမိုထုတ်ဖော်ပြောဆို ကြော်ငြာခြင်း မပြုရ။

(ဇ) အခြားသောသင်တန်းဆရာများအား ထိခိုက်နစ်နာစေသည့် ပြောဆိုသုံးနှုန်းမှုများ၊ အပြုအမူများ မပြုလုပ်ရ။

(ဈ) လက်ရှိအစိုးရဝန်ထမ်းဖြစ်ပါက သင်တန်းဆရာ လက်မှတ်လျှောက်ထားသည့်အခါ မိခင်ဌာန၏ ခွင့်ပြုချက်ပါ ပူးတွဲတင်ပြရမည်။

(ည) သင်တန်းဆရာသည် မိမိနှင့်သက်ဆိုင်သော သက်မွေးဝမ်းကျောင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းနှင့် ကျင့်ဝတ်များအရ စာသင်ကြားရန် အရည်အချင်း ပြည့်မီမှု မရှိသူမဟုတ်ကြောင်း သင်တန်းကျောင်းတွင် ကိုယ်တိုင်ခံဝန်ချက်ပြုရမည်။

(ဋ) ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းတွင် သင်ကြားမည့်သင်တန်းဆရာများသည် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းနှင့် စာချုပ်ချုပ်ဆိုခြင်းကို ပွင့်လင်းမြင်သာစွာ ချုပ်ဆိုဆောင်ရွက်ရမည်။

(ဌ) သင်တန်းဆရာအဖြစ် ရပ်နားခြင်းအတွက် မြန်မာနိုင်ငံစာရင်းကောင်စီရုံးသို့ စာဖြင့် တရားဝင် တင်ပြရမည်။ ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းတွင် သင်ကြားနေသူ ဖြစ်ပါက သက်ဆိုင်ရာကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းမှတဆင့် တင်ပြရမည်။

(ဥ) မြန်မာနိုင်ငံစာရင်းကောင်စီက သင်တန်းဆရာများနှင့်စပ်လျဉ်း၍ အခါအားလျော်စွာ ထုတ်ပြန်သော ရုံးအမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရမည်။

**သင်တန်းကျောင်းဆိုင်ရာစည်းကမ်းချက်များ**

၄။ မြန်မာနိုင်ငံစာရင်းကောင်စီတွင် မှတ်ပုံတင်ထားသည့် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများဆိုင်ရာ စည်းကမ်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မိမိ၏ ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်လက်မှတ်ကို အခြားသူများအား လွှဲပြောင်းသုံးစွဲခွင့်မပြုရ။

(ခ) အခြားသောသင်တန်းကျောင်းများအား ထိခိုက်နစ်နာစေသည့် ပြောဆိုသုံးနှုန်းမှုများနှင့် အပြုအမူများ မပြုလုပ်ရ။

(ဂ) ကျောင်းအတွင်းသင်ကြားမှုများသည် ကျောင်းပတ်ဝန်းကျင်တွင် နေထိုင်သူများကို အနှောက်အယှက်မဖြစ်စေရန် ကြပ်မတ်ဆောင်ရွက်ရမည်။

(ဃ) မိမိကျောင်းရှိ သင်တန်းဆရာများအား မြန်မာနိုင်ငံစာရင်းကောင်စီမှ ထုတ်ပြန်ထားသော သင်တန်းဆရာဆိုင်ရာ စည်းကမ်းချက်များကို လိုက်နာစေရေး ကြီးကြပ်ဆောင်ရွက်ရမည်။

(င) မိမိကျောင်းရှိ သင်တန်းသားများအား မြန်မာနိုင်ငံစာရင်းကောင်စီမှ ထုတ်ပြန်ထားသော သင်တန်းသားများဆိုင်ရာ စည်းကမ်းချက်များကို လိုက်နာစေရေး ကြီးကြပ်ဆောင်ရွက်ရမည်။

(စ) မြန်မာနိုင်ငံစာရင်းကောင်စီမှ ၅-၁-၂၀၁၇ ရက်စွဲဖြင့်ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာ အမှတ် ၃/၂၀၁၇ "ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများဖွင့်လှစ်ခွင့်ပြုခြင်း" ပါ ကျောင်းတည်ထောင်သူ၏တာဝန်များကို လိုက်နာဆောင်ရွက်ရမည်။

(ဆ) မြန်မာနိုင်ငံစာရင်းကောင်စီက ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများနှင့်စပ်လျဉ်း၍ အခါအားလျော်စွာ ထုတ်ပြန်သော အမိန့်ညွှန်ကြားချက်များကို လိုက်နာရမည်။

ဥက္ကဋ္ဌ (ကိုယ်စား)

(ခင်စန်းဦး၊ အတွင်းရေးမှူး)

စာအမှတ်၊ မစက/ ၁၀၈ /(ဇ၄၆/၂၀၁၇)

ရက်စွဲ ၊ ၁၅ - ၉ -၂၀၁၇

ဖြန့်ဝေခြင်း

ကျော်ငြာသင်ပုန်း

ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများ

မိတ္တူ

မြန်မာနိုင်ငံစာရင်းကောင်စီဝင်များအားလုံး

မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းအလုပ်အမှုဆောင်များအားလုံး

အမိန့်ကြော်ငြာစာဖိုင်

ရုံးလက်ခံ

မျှောစာတွဲ